ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံစာရင်းကောင်စီ

အမိန့်ကြော်ငြာစာအမှတ် - ၁/ ၂၀၁၃
၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း (၆) ရက်
၂၀၁၃ ခုနှစ်၊ မေလ (၁၅) ရက်

**လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင် အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းများ ဆောင်ရွက်ရာတွင် ကိုယ်စားလှယ် လွှဲစာဖြင့် ဆောင်ရွက်ခြင်းကို ခွင့်မပြုခြင်း**

၁။ လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင် အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်း ပြုလုပ်သူများသည် ကိုယ်စားလှယ်စေလွှတ်၍ ဆောင်ရွက် စေခြင်းများရှိပါသည်။ ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံစာရင်းကောင်စီရုံးမှ လိုအပ်သည့် အချက် အလက်များကို စိစစ်မေးမြန်းမှုများ ပြုလုပ်သည့်အခါ ဖြေကြားရှင်းလင်းပေးနိုင်ခြင်း မရှိသည်ကို တွေ့ရ ပါသည်။

၂။ သို့ပါ၍ လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင်အသစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်း ပြုလုပ်သည့်အချိန်တွင် ကာယကံရှင် ကိုယ်တိုင် လာရောက်ဆောင်ရွက်ပါရန်နှင့် မှတ်ပုံတင်ထုတ်ယူသည့်အချိန်တွင် ကိုယ်စားလှယ်လွှဲစာဖြင့် ထုတ်ယူ နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

အမိန့်အရ

( ကြည်ဝင်း )
ညွှန်ကြားရေးမှူး

စာအမှတ်၊ မစက/ ၆၀၁/(၂၀၄/၂၀၁၃) ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မေလ(၁၅)ရက်

ဖြန့်ဝေခြင်း
- မြန်မာနိုင်ငံစာရင်းကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ
- မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်အသင်း အလုပ်အမှုဆောင်ကော်မတီဝင်များ
- ကိုယ်ပိုင်စာရင်းကိုင်လုပ်ငန်းလုပ်ကိုင်သူများနှင့် လက်မှတ်ရပြည်သူ့စာရင်းကိုင်များ
- အမိန့်ကြော်ငြာစာ စာတွဲ

ကန့်သတ်